

# ငါချစ်ရင် ပိုပိုချစ်

ဟာသတစ်ခုရှိတယ် "ကွေ့သော ကောက်သော လမ်းမှာ လည်း ကျွန်တော်က အဖြောင့်အတိုင်းပဲ ဆိုတာ မသိဘဲ ကျွန်တော် ဘယ်သွားသွား သူ့ခေါ်ရမယ် ဆိုလို့ ကျွန်တော့် ချစ်သူကို သွားသမျှ ခေါ်ခဲ့တာပဲ။ ပြီးတော့လည်း ရိုးရိုးရှင်းရှင်းမှာ (သူတို့ ပျင်းသွားတတ်)။ ဘယ်လောက်ဝေးဝေး၊ ဘယ်လောက် ရှုပ်ထွေးထွေး (သူတို့ ) က အိမ်အပြန်လမ်းကို အမြဲ ရှာတွေ့ သွားတတ်တယ်။ နောက်တော့လည်း ဖြောင့်သောလမ်းမှ ကျွန်တော် တစ်ယောက်တည်း ကျန်ခဲ့တာပဲ" တဲ့ ။ အခု ငါချစ်ရင် ပိုပိုချစ်တွေက ကျွန်တော် သွားခဲ့သမျှကို မပြ၊ ကျွန်တော် ရောက်ခဲ့သမျှ ကဗျာဖြစ်စဉ်တွေကိုသာ ပျော်ရွှင် ဝမ်းမြောက်စွာ ကျွန်တော်ပြန်ရ၊ ကျွန်တော်နဲ့ အတူ ကဗျာ ချစ်သူများ လည်း နှလုံးသား ကိုယ်စီကိုယ်င အချစ်နဲ့ ဘဝ ကဗျာနှင့်အတူ ပြန်ရပါစေကြောင်း။

စိုင်းဝင်းမြင့်

၁၊ ဒီဇင်ဘာ၊ ၂၀၁၉


ငါမချစ်ရင်
ဖြူတာလည်းသိတယ်
မဲတာလည်းသိတယ်
ငါချစ်ရင်
ဝတာလည်းမသိ
ပိန်တာလည်း မသိတော့ဘူး
ငါချစ်ရင်
စိုင်းဝင်းမြင့်

ငါချစ်ရင် (၁)

ငါမချစ်ရင်

ဖြူတာလည်း သိတယ်

မဲတာလည်း သိတယ်။

ငါချစ်ရင်

ဝတာလည်း မသိ

ပိန်တာလည်း မသိတော့ဘူး။ ။

***

## ငါချစ်ရင် (၂)

ငါမချစ်ရင်
နံရံကွယ်နေလည်း မြင်ချင်မြင်တယ်
မပြောလည်း ကြားတယ်
ကမ္ဘာလည်း ပုံမှန်လည်တယ်။

ငါချစ်ရင်
ငါ့ကို ကြည့်ကြည့်ပြီး ပြောနေလည်း မကြားဘူး
ဓားနဲ့ ပြေးဝင်လာလည်း မမြင်ဘူး။ ။

***